# ကျွားဆိုးနှင့်အစိုးရ



ဂန္ဓာကရာဇ် ဆုလစ်မွန်းချန်
မြို့မွန်ကျုံးရေ အထွေထွေတည့်
ရေဝင်ရေထွက် တသက်သက်ဖြင့်
ချန်စက်နာရီ မီးကျည်ပန်ပွါး
လွှန့်လွှန့်သွားလျက် ကြီးကြပ်မြို့တည်
ခန့်ထည်ရုပ်လုံး ရှုမဆုံးပြီ
လူ(Lu) ရယ်နေသာဖြစ်သတည်း…။

သူ့ခေတ်သူ့ခါ ထိုစဉ်ခါက
ဟိုမှာတနယ် သည်တနယ်တွင်
လူ (Lu)နယ်မှာပွါး ကွန်ဖြူးဆီးယား(Confucicus)
ယေကျ်ားသုခမိန် ပေါ်ထွန်းချိန်သည်
ဘီစီ(၅၅၁-၄၇၅)နှစ် ဖြစ်သတည်း…။

ဤသို<ဖြစ်ပင် ကွန်ဖြူးဆီးယား
ဆရာကြီးအား တုပ်ကွရိုကျိုး
ခိုကိုးယောက်ျား တပည့်သားသုံးထောင်
အနီးဆောင်ရပ်ဦး အထူးထူးအား
ဆရာကြီးက မိသားစုနှင့်နိုင်ငံတော်(family and state)ကို
အလင်းဆောင်၍ ရှင်းအောင်ပြသပေးသတည်း…။

တနေ့သ၌ ဆရာကြီးသည်
လူ (Lu)နယ်အတွင်း လှည့်လည်ရင်းဖြင့်
တံငါတို့ရွာ ရောက်၍လာသည်
တံငါအမေး အဖြေပေးရာ
ငါးကြီးကြီးလိုသော် ရေနက်နက်ဆင်း
ငါးများများလိုသော် ကွန်ကိုကျယ်ကျယ်ပက်
ပိုက်ကြိုးကိုကား မြဲကိုင်ထားဟူသတည်း…။

ထိုမှ နေ့နေ့ညည စိတ်ရှိသမျှ
ဟိုမှသည်သို့ သည်မှဟိုသို့
ကူးတို့သဖွယ် ကူသယ်ခေါက်ပြန်
မြေကိုလှန်၍ ရောက်ပြန်သည့်ရွာ
ပညာတတ်များ ပေါများငြင်းခုန်
ဆွေးနွေးပုံကို ကြားရုံမျှဖြင့်
ဆရာကြီးက ရင်ကိုမ၍
ပညာရှိတို့ရင်မှာ လေ့လော်နိုင်စေကြောင်း
သတင်းကောင်းကိုပေးခဲ့၏…။

ဤသို့ဖြစ်ပင် ရွာစဉ်ရွာဆက်
ရွာစဉ်ဆက်၍ ထွက်ခွါခရီး
ဆရာကြီးသည် ရွာ့အနောက်စွန်း
ခပ်ယွန်းယွန်း၌ မွန်းတည့်ချိန်တွင်
ရောက်လာလျှင်မူ ရွာသူတဦး
ဖုတ်ကူးကူးဖြင့် အုတ်ဂူရှေ့၌
ငိုရှိုက်နေပုံမြင်ရ၏…။

ဆရာကြီးက ဖြစ်ပုံကြောင်းရင်း
ထိုအခင်းကို သတင်းမေးရာ
လွန်ခဲ့ ၆ လ ကျားဆိုးတကောင်
သေအောင်သတ်၍ ခင်ပွန်းဆုံးကြောင်းသိရ၏…။

ဆရာကြီးလည်း ဝေးနီးတည်ထား
အုပ်ဂူများကို မေးမြန်းမိရာ
ရွာသူအပြ ဟိုတဂူကား
လွန်ခဲ့နှစ်နှစ် ဖခင်ဖြစ်၍
သည်တဂူကား သူမ၏မောင်
ကျားဆိုးတကောင် သေအောင်သတ်၍သေခဲ့ရသတဲ့။

ရွာသူစကား ကြားရသောအခါ
ရင်နာခံခက် နာကျင်လျက်ဖြင့်
ဆရာကြီးက 'ဤမျှကျားဆိုး
မင်းမူစိုးသည့် ကျားဆိုးနယ်တွင်
နေမည့်အစား မြို့ကိုပြောင်းပါလား…'တဲ့။

'ဆရာကြီး ဒီရွာမှာက ကျားဆိုးသာရှိ
အစိုးရမရှိ'ဟူသတည်း။

(မောင် စင်ကြယ်)